# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

## ကြော်ငြာစာအမှတ်၊ ၆ / ၂၀၂၂

## ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

## ( ၂၀၂၂ခုနှစ်၊ စက်တင်ဘာ လ ၁၂ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၂)ခုတို့တွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်)တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌လျှောက်လွှာဝယ်ယူ၍၁၃-၁၀-၂၀၂၂ ရက်နေ့နောက်ဆုံးထားပြီးလူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | ကုသရေး ဦးစီးဌာန | ဆရာဝန် ( သစ်လွင် ) | ၁၀၀၀ နေရာ | ဆေးပညာဘွဲ့(M.B.,B.S.) |
| | | ဆရာဝန် ( သွားနှင့်ခံတွင်း ) | ၁၀၀ နေရာ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) |
| ( ခ ) | ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာန | ဆရာဝန် (သရုပ်ပြ) | ၁၀၉ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S.) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) **၁၃-၁၀-၂၀၂၂ရက်နေ့တွင်**ပြင်ပပုဂ္ဂိုလ်အသက်၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ဆရာဝန်( သစ်လွင်) / ဆရာဝန်(သရုပ်ပြ)ရာထူးအတွက် ဆေးပညာဘွဲ့(M.B.,B.S.)နှင့် ဆရာဝန် (သွားနှင့်ခံတွင်း) ရာထူးအတွက်သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်း မရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ / သခ) ကိုင်ဆောင်ထားသူ (သို့မဟုတ်) အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင်အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီးမိတ္တူများကိုလျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည်၊

(ဃ) ဆရာဝန် (သစ်လွင်) / ဆရာဝန် ( သွားနှင့်ခံတွင်း ) ရာထူးအတွက် စတင်တာဝန်ထမ်းဆောင်သည့်ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(င) ဆရာဝန် (သစ်လွင်) / ဆရာဝန် ( သွားနှင့်ခံတွင်း ) ရာထူးအတွက် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီဝင်ရောက်ဖြေဆိုခွင့်ပြုမည်၊

(စ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ဆရာဝန်(သရုပ်ပြ)ရာထူး လျှောက်ထားသူများသည် ခန္ဓာဗေဒဌာန၊ဇီဝကမ္မဗေဒဌာန၊ဇီဝဓာတုဗေဒဌာန၊ဆေးဝါးဗေဒဌာန၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ဥပဒေရေးရာဆေးပညာဌာနများတွင်ခန့်အပ်မည်၊

(ဆ) သင်ကြားရေးကိုဝါသနာပါပြီး မည်သည့်တက္ကသိုလ်တွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဇ) မိမိတို့တာဝန်ထမ်းဆောင်လိုသောဘာသာရပ်ဌာနများကို ဦးစားပေးအစီအစဉ်အလိုက်ဘာသာရပ်ဌာနအားလုံးပါဝင်အောင်ဖြည့်သွင်းလျှောက်ထားရမည်၊

(ဈ) ဆရာဝန်(သရုပ်ပြ)ရာထူးအတွက်ခန့်အပ်တာဝန်ပေးသည့်ဘာသာရပ်ဌာန၏မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို ဖြေဆိုခြင်းမပြုလိုဘဲ ကျန်ဘာသာရပ်များ၏ ဆေးပညာမဟာသိပ္ပံသင်တန်းကို ဖြေဆိုလိုပါကတာဝန်ချထားသည့်ဘာသာရပ်ဌာနတွင် လုပ်သက်(၃)နှစ်ပြည့်အောင်တာဝန်ထမ်းဆောင်ပြီးမှသာဖြေဆိုခွင့်ပြုမည်၊

(ည) ဆေးပညာသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူပူးတွဲပေးပို့ လျှောက်ထားရမည်။ ဒုတိယနှစ်အမ်ဘီဘီအက်စ်သင်တန်းမှ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)သင်တန်းအထိ ဘာသာရပ်များအနက် လျှောက်ထားသည့်ဘာသာရပ်အပါအဝင် အနည်းဆုံးဘာသာရပ်(၃)ခုတွင် ရမှတ် ၆၀ %နှင့်အထက်ရရှိသူဖြစ်ရမည်၊

(ဋ) ခန္ဓာဗေဒဌာနနှင့်ဥပဒေရေးရာဆေးပညာဌာနသို့ လျှောက်ထားသူများအတွက် ရမှတ်သတ်မှတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်၊

(ဌ) လျှောက်ထားသည့်ဘာသာရပ်တွင် နောက်ဆက်တွဲစာမေးပွဲဖြင့် အောင်မြင်သူများမဖြစ်ရပါ၊

(ဍ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ ဆရာဝန်(သစ်လွင်)/ဆရာဝန် ( သွားနှင့်ခံတွင်း )/ ဆရာဝန်(သရုပ်ပြ)ရာထူးအတွက် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများသည်အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင်ယာယီဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆရာဝန်(သရုပ်ပြ)ရာထူးအတွက်အလုပ်သင်ဆရာဝန်သင်တန်းပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများ၏ ဆေးပညာသင်တန်းအမှတ်စာရင်း(Grading Certificate)များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ သက်ဆိုင်ရာတက္ကသိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပြီးသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာရွေးချယ်ပေးမည်ဖြစ်ပါကြောင်းဖော်ပြအပ်ပါသည်။

၄။ ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင်ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်းများသို့ လတ်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ်ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။

၅။ **လျှောက်လွှာတင်သွင်းလိုသူများသည်** တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မိမိတို့နှင့် သက်ဆိုင်သော အချက်အလက်များကိုဖြည့်သွင်းကာ အချိန်မီလျှောက်ထားရမည်ဖြစ်ပါသည်။လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကိုပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website – www. ucsb.gov.mm နှင့် Myanmar National Web Portal – www. myanmar. gov.mm တို့တွင်လည်း** ဖော်ပြပေးထားပြီးလျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပေးပို့ရမည့်စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ ကြော်ငြာပါလစ်လပ်ရာထူးအတွက် (၂)မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး ရာထူး(၂)မျိုး လျှောက်ထားပါက လျှောက်လွှာတွင် **ပထမဦးစားပေးနှင့်ဒုတိယဦးစားပေးဟုဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပြီး ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်)ကို သီးခြားစီပေးသွင်း၍ ပေးသွင်းထားသည့် ချလန် (၂)စောင်ဖြင့်** ပူးတွဲဖော်ပြရမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် လျှောက်လွှာပေးပို့စဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်(မူရင်း)နှင့် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ/သခ)၊ ဘွဲ့လက်မှတ်၊ အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာ(ဘွဲ့လက်မှတ်မရရှိသေးသူများ)၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်း မိတ္တူများ ပူးတွဲပါရှိရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများမပါရှိသည့် လျှောက်လွှာများ၊ လျှောက်လွှာ ပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းထားသည့်လျှောက်လွှာများ၊ လျှောက်လွှာနှင့်

**အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ တင်ပြထားသော်လည်း လျှောက်လွှာပိတ်ရက် ကျော်လွန်ပြီးမှ ရောက်ရှိလာသည့်လျှောက်လွှာများကို စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းအသိပေးဖော်ပြအပ်ပါသည်။**

၈။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ ၁၅ ကို ကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း မပြုဘဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် စိတ်အခြေအနေစစ်ဆေးခြင်းကို ၇-၁၁-၂၀၂၁ရက်နေ့တွင်လည်းကောင်း၊လူတွေ့စစ်ဆေးခြင်းကို ၈-၁၁-၂၀၂၁ရက်နေ့တွင် လည်းကောင်း စတင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့် အကြောင်း ကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက် လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ ခုံအမှတ်၊ အမည် စာရင်းတို့ကို အဖွဲ့၏ **Website နှင့် Myanmar National Web Portal**တို့တွင်၂၆ – ၁၀ –၂၀၂၁ ရက်နေ့မှ စတင်ကြေညာပေးမည်ဖြစ်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉- ၄၂၄၄၀၈၉၅၄၊ ၀၉ – ၄၂၀၇၀၆၆၀၅ ၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။